# ခဲတလုံးနဲ့ ငှက် နှစ်ကောင်

*စက်ဘ်ပူအစိုးရက အမှန်အတိုင်းပြောရရင် ခြိစည်းရိုးခွထိုင်နေသူပါ ။*

*အာဆီယံထဲကနေ မြန်မာနိုင်ငံကိုထုတ်ပေးဖို့ ၈၈ ကျောင်းသားခေါင်းဆောင်တွေကလည်း တောင်းဆိုထားသလို တော်တော်များများကလည်း ပြောနေကြပါတယ် ..။ ကျွန်မ စဉ်းစားမိတယ်။ အကျိုးအမြတ် ရှိနိုင်ပါ့မလား၊ ဘာမှအကျိုးမရှိဘူးလား သေချာစဉ်းစားနေမိတယ် ..။ အာဆီယံရဲ့ သဘောတူညီချက်တွေ အကြောင်း ....... ။*
(လင်းလက်ကြယ်စင် ဘလော့ဂ်မှ)
-------------------------------------------------

ယုံကြည်ချက်နဲ့ ဂုဏ်သိက္ခာကို ပေါ့ပေါ့တန်တန် သဘောထားသူတွေဟာ အကျိုးအမြတ် တခုခုကို မျှော်လင့်တိုင်း ခြံစည်းရိုးကို ခွထိုင်တတ်ပါတယ်။ သူတို့ကို အခြေအနေအရ အချိန်အတိုင်းအတာ တခုထိ သူတို့စိတ်ကြိုက် ထိုင်လို့ဖြစ်အောင် မမြင်ချင်ယောင် ဆောင်ပေး ထားရပါတယ်။ အချိန်တန်ရင်တော့ ဟိုဘက်ကို တွန်းချရင်လည်း တွန်းချပစ်လိုက်၊ ဒါမှမဟုတ် ဒီဘက်ပါအောင် ဆွဲချသင့်ရင်လည်း ဆွဲချပေးရမှာ ဖြစ်ပါတယ်။

ဒီမိုကရေစီတိုက်ပွဲတွေမှာတော့ အာဏာရှင်ဘက်ကို ဘက်ပြောင်းသွားအောင် တွန်းချမယ့် အစား အာဏာရှင် အားနည်းသွားအောင် သူ့ထောက်တိုင်တွေကို မိမိဘက်ပါလာအောင် ဆွဲယူ ရမှာ ဖြစ်ပါတယ်။ အာဏာရှင် အားနည်းလေ ဒီမိုကရေစီ ရဖို့အတွက် အင်အားကောင်းလေ ပါပဲ။

အပြိုင်အဆိုင် စည်းရုံးကြရာမှာ မိမိဘက်မှာ အမှန်တရားနဲ့ အများလက်ခံတဲ့ မူဝါဒတရပ်ကို မလွှတ်တမ်း ဆုပ်ကိုင်ထားရပါတယ်။

မြန်မာ့အရေးအတွက် ပြည်တွင်းနဲ့နိုင်ငံတကာတို့ရဲ့ နိုင်ငံရေးလမ်းကြောင်းတွေဟာ ပရမ်းပတာ အနေအထားကနေ အခုဆိုရင် ဦးတည်ချက်တွေက သတ်သတ်မှတ်မှတ် ရှိလာနေပါပြီ။ ဒါဟာ မြန်မာနိုင်ငံက ရရှိလိုက်တဲ့ နိုင်ငံရေး အကျိုးအမြတ်တွေထဲက တခုဖြစ်ပါတယ်။

မကြာခင် ကျင်းပတော့မယ့် အာဆီယံ ထိပ်သီးညီလာခံမှာ အာဆီယံအနေနဲ့ အရင်ထားရှိခဲ့တဲ့ မူဝါဒတွေကို ပြန်လည် ပြင်ဆင်ပြီး ပဋိညာဉ် စာချုပ်သစ်ကို ရေးဆွဲ အတည်ပြုပါတော့မယ်။ ပြီးသွားတဲ့အခါမှာ အာဆီယံ အဖွဲ့ဝင်နိုင်ငံတိုင်းက လူ့အခွင့်အရေး ကိစ္စတွေကို ရှေ့တန်းတင် ပေးရတော့မယ့်အချက်ဟာ အရေးပါတဲ့ ပြုပြင်ပြောင်းလဲရေးတွေထဲက တခု ဖြစ်လာပါမယ်။ အခြားအဖွဲ့ဝင်နိုင်ငံတခုကို ဝင်ရောက်မစွက်ဖက်ရေးမူဝါဒ ဆိုတာ ခေတ်ကုန်သွားပါတော့မယ်။

ကမ္ဘာပေါ်မှာ လူ့အခွင့်အရေး အချိုးဖောက်ဆုံး နိုင်ငံတခုဖြစ်နေတဲ့ မြန်မာနိုင်ငံကိုလည်း ပဋိညာဉ်စာချုပ်သစ်ကို လက်မှတ်ထိုးဖြစ်အောင် ကျန်အဖွဲ့ဝင်နိုင်ငံတွေက ဝိုင်းဝန်းနားချ မေတ္တာ ရပ်ခံကြမှာ ဖြစ်တယ်လို့ သိရပါတယ်။

အာဆီယံအဖွဲ့ဝင်ဖြစ်တဲ့ မြန်မာနိုင်ငံကလည်း အာဆီယံထဲမှာ အကျိုးစီးပွား ဆက်ဖြစ်ချင်သေး ရင် ပဋိညာဉ်စာချုပ်သစ်ကို လက်မှတ် ရေးထိုးရပါလိမ့်မယ်။

တရုတ် ဩဇာလွှမ်းမိုးလာတာတွေကြောင့် ဒေသတွင်း အကာအကွယ်အပြင် ကုန်သွယ်ရေး ကိစ္စ၊ ငွေကြေးကိစ္စ၊ ကမ္ဘာ့အလယ်မှာ ဟန်ကိုယ့်ဘို့ လုပ်နိုင်ဖို့ကိစ္စတွေကြောင့် အာဆီယံဟာ မြန်မာ စစ်အစိုးရအတွက် တနည်းနည်းနဲ့ အကျိုးရှိနေရပါတယ်။

ဒါပေမယ့် မြန်မာ စစ်အာဏာရှင်တွေအဖို့ ခေတ်သစ် အာဆီယံဟာ စားတော့လည်း သဲတရှပ်ရှပ်၊ လွှင့်ပစ်ရမှာကလည်း ဆီနဲ့တဝင်းဝင်း ဆိုတာလို ဖြစ်လာပါတော့မယ်။

အဲဒီလိုမဖြစ်စေချင်ရင်၊ ပြီးတော့ အာဆီယံထဲမှာလည်း ဆက်နေချင်သေးရင် နအဖ စစ်အစိုးရ အနေနဲ့ ပြည်တွင်းမူဝါဒတွေကို မြန်မာပြည်သူတွေရဲ့ လိုအပ်ချက်နဲ့အညီ လိုက်လျောညီထွေ ဖြစ်အောင် ပြောင်းလဲပေးရပါလိမ့်မယ်။

မြန်မာစစ်အစိုးရသာမက အာဆီယံထဲမှာ လူ့အခွင့်အရေးကို မျက်လှည့်ပြနေတဲ့ နိုင်ငံနဲ့ ပါတီတွေလည်း အထိုက်အလျောက်တော့ နိုင်ငံတကာစံနှုန်းတွေကို အမီလိုက်လာရပါတော့မယ်။

လူ့အခွင့်အရေးကို နိုင်ငံအစိုးရတွေက အလေးအနက်ထား ကာကွယ်ပေးနေရုံမက အမြဲတမ်း မြှင့်တင်ပေးနေမယ်ဆိုရင် တရားဥပဒေက အပြည့်အဝ စိုးမိုးသွားမှာ ဖြစ်ပါတယ်။ ဒါဆိုရင် ပြည်သူတွေ စိတ်ချမ်းသာရပါမယ်။ စိုးရိမ်ပူပန်တာတွေ ကင်းဝေးရပါမယ်။ ဒီမိုကရေစီကိုလည်း ထိန်းသိမ်းနိုင်မယ့်အပြင် ဒီမိုကရေစီရဲ့အနှစ်သာရကိုပါ အပြည့်အဝ ခံစားနိုင်ကြမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံကို အာဆီယံထဲက ထုတ်ပစ်ဖို့ တောင်းဆိုချက်တွေ ထွက်ပေါ်နေပါတယ်။ ဒါဟာ မြန်မာနိုင်ငံကို ပဋိညာဉ်စာချုပ်သစ်မှာ လက်မှတ်ရေးထိုးဖြစ်သွားအောင် ဖိအားပေးလိုက်တာပဲလို့ ရိုးရိုးရှင်းရှင်း သဘောပေါက်မိပါတယ်။

စင်္ကာပူမှာ အာဆီယံ ထိပ်သီးညီလာခံ ကျင်းပနေတုန်း တကယ်လို့ စင်္ကာပူရောက် မြန်မာတွေက ဆန္ဒပြဖြစ်တဲ့အခါ အာဆီယံက မြန်မာနအဖကို ပဋိညာဉ် စာချုပ်သစ်မှာ လက်မှတ်ထိုး ဖြစ်အောင် ဖိအားပေးဖို့တောင်းဆိုလိုက်ရင် ခဲတလုံးနဲ့ ငှက်နှစ်ကောင်စလုံး ထိမှန်အောင် ပစ်ချနိုင်စရာ ရှိပါမယ်။

လွင်အောင်စိုး